**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**ဒသမနေ့အစီအစဉ်**

**( ၁၈ – ၆ –၂၀၂၆ ) ( ကြာသပတေးနေ့ ) နံနက် ၁၀:၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်၏ **မြန်မာပြည်အနှံ့ တရားမဝင် အွန်လိုင်းစလော့ဂိမ်း လောင်းကစားပြန့်ပွားနေမှုကို မည်သို့တားဆီးနှိမ်နင်းရန် စီမံထားသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးဝင်းဌေး၊ လယ်ဝေးမဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ်ရှိ ကျေးရွာခွဲ(၂၆)ရွာသည် တရားမဝင်ကျေးရွာများကဲ့သို့ ဖြစ်နေပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်အမည်ပေါက်စာရင်းတွင် စိစစ်သတ်မှတ်ပေးရန် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( ဂ ) ဒေါ်သန်းသန်းအေး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ **လူမှုကွန်ယက်အမျိုးမျိုးအား အသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် မမှန်သတင်းဖြန့်ချိ နေသူများကို ဖော်ထုတ်အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် အနာဂတ်ဆောင်ရွက်မည့် အစီအစဉ်များ ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းနိုင်၊ ပုသိမ်ကြီးမဲဆန္ဒနယ်၏ **တရားဥပဒေစိုးမိုးရေးအတွက် မူဝါဒများ၊ အစီအမံများ၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးစနစ်များတိုးမြှင့်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးပညာပေး ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆောင်ရွက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ပေးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်၏ **မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ (၄၄)မိုင်ခန့်သည် လမ်းများပျက်စီးပြီး ကျဉ်းနေသဖြင့် လမ်းအကျယ် (၁၈)ပေခန့် ချဲ့ပေးရန်၊ လဲချားမြို့တွင်း (၂)မိုင်ခန့်အား နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်ပေးပါရန်၊ လဲချားမြို့နှင့် ပင်လုံမြို့ကြား ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းတွင် လဲချားမြို့နယ်ပိုင်း (၁၃)မိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဘတ်ဂျက်လုံလောက်စွာချပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) စိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်၏ **မိုးနဲမြို့နယ်၊ နမ့်တိန် ချောင်းကူး တံတားဟောင်းနေရာတွင် သံကူကွန်ကရစ်တံတားအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာနန္ဒာလှမြင့်၊ ကလောမဲဆန္ဒနယ်၏ **ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့အထွက် အကျယ်(၁၂)ပေ၊ အရှည် (၁၉)မိုင်ခန့်ရှိသော ကတ္တရာလမ်းမှာ ပျက်စီးနေသောကြောင့် အဆိုပါလမ်းအား အကျယ် (၁၈)ပေရှိသည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါ်ကြူကြူမော်၊ သာစည်မဲဆန္ဒနယ်၏ **သာစည်မြို့ တောင်ဘက် သာစည် - ညောင်ရမ်းလမ်းပေါ်ရှိ အရှည်(၁၂၀)ပေ၊ အကျယ်(၁၈)ပေရှိ ပျက်စီးနေသော ဉာဏ်ကန်သစ်သားတံတားအား သံကူကွန်ကရစ်တံတား အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။